အပြည်ပြည်ဆိုင်ရာဓာတ်ခွဲခန်းများအသိအမှတ်ပြုပူးပေါင်းဆောင်ရွက်ရေးအဖွဲ့

# အသိအမှတ်ပြုထားသည့်ဓာတ်ခွဲခန်းကို ဘာကြောင့် အသုံးပြုသင့်ပါသနည်း။



ilac

ကမ္ဘာအနှံ့ယုံကြည်စိတ်ချ

စမ်းသပ်စစ်ဆေးခြင်း–စံဖြင့်တိုက်ကြည့်စစ်ဆေးခြင်း–အရည်အသွေးစုံစမ်းစစ်ဆေးခြင်း




# ဓာတ်ခွဲခန်းတစ်ခုကို ရွေးချယ်သည့်အခါ မည်သည့်အချက်များကို ထည့်သွင်းစဉ်းစားသင့်ပါသနည်း။

စမ်းသပ်စစ်ဆေးခြင်း၊ စံဖြင့်တိုက်ကြည့်စစ်ဆေးခြင်း၊ တိုင်းတာခြင်းများပြုလုပ်ရန် ဓာတ်ခွဲခန်းများကို ရွေးချယ်သည့်အခါ ယင်းဓာတ်ခွဲခန်းမှ တိကျမှန်ကန်ပြီး ယုံကြည်စိတ်ချရသောအဖြေများ ထုတ်ပေးနိုင်ကြောင်း သေချာမှုရှိရန်လိုအပ်ပါသည်။ ဓာတ်ခွဲခန်းတခု၏ နည်းပညာဆိုင်ရာစွမ်းဆောင်ရည်ပြည့်ဝကျွမ်းကျင်မှုသည် အောက်ပါ အချက်အလက်များအပေါ် မူတည်နေသည်-


- ဝန်ထမ်းများ၏ အရည်အချင်း၊ သင်တန်း နှင့်အတွေ့အကြုံ၊
- သေချာစွာ စံဖြင့်တိုက်ကြည့်စစ်ဆေးထိန်းသိမ်းထားသည့်၊မှန်ကန်သောပစ္စည်းကရိယာ၊
- အရည်အသွေးကိုအာမခံနိုင်သည့် ပြည့်စုံသောလုပ်ငန်းစဉ်များ၊
- ပုံမှန်နမူနာပစ္စည်းရယူသည့်အလေ့အကျင့်၊
- သင့်လျော်သောစမ်းသပ်စစ်ဆေးခြင်းဆိုင်ရာလုပ်ငန်းစဉ်များ၊
- အကျုံးဝင်သောစမ်းသပ်စစ်ဆေးခြင်းနည်းလမ်းများ၊
- တိုင်းတာချက်များကိုအမျိုးသားအဆင့်စံချိန်စံညွှန်းများနှင့်ကွင်းဆက်မပြတ်ခြေရာခံ တိုက်ဆိုင်စစ်ဆေးခြင်း၊
- တိကျစွာမှတ်တမ်းထားရှိ ခြင်း၊ အစီရင်ခံစာတင်ပြခြင်းဆိုင်ရာလုပ်ငန်းစဉ်များ၊
- စမ်းသပ်စစ်ဆေးရန် သင့်လျော်သည့် အထောက်အပံ့ပစ္စည်း တို့ဖြစ်ပါသည်။

အထက်ပါအချက်များသည် မိမိပြုလုပ်လိုသည့်စမ်းသပ်စစ်ဆေးမှုအတွက် ဓာတ်ခွဲခန်းတစ်ခု၏ နည်းပညာဆိုင်ရာ စွမ်းဆောင်ရည် ပြည့်ဝကျွမ်းကျင်မှုကို အထောက်အပံ့ဖြစ်စေပါသည်။









# ထုတ်လုပ်သူ၊ပေးသွင်းသူ၊နိုင်ငံခြားသို့တင်ပို့သူ သို့မဟုတ် သုံးစွဲသူများ အတွက် ဓာတ်ခွဲခန်းတခု၏ နည်းပညာဆိုင်ရာစွမ်းဆောင်ရည် ပြည့်ဝကျွမ်းကျင်မှုသည် အဘယ့်ကြောင့်အရေးကြီးပါသနည်း။

## မမျှော်မှန်းနိုင်သောအန္တရာယ်လျော့ကျစေခြင်း

ယနေ့ကမ္ဘာ့တဝှမ်းရှိ သုံးစွဲသူများသည် ၎င်းတို့မှထုတ်လုပ်သည့် သို့မဟုတ် ဝယ်ယူသုံးစွဲသည့် ထုတ်ကုန်၊ ရုပ်ဝတ္ထုပစ္စည်းနှင့် ဝန်ဆောင်မှုများအတွက် ၎င်းတို့မျော်မှန်းချက် သို့မဟုတ် သီးခြားသတ်မှတ်ထားသော လိုအပ်ချက်များနှင့် ကိုက်ညီမှုရှိကြောင်း ပြန်လည်အာမခံချက်ရလိုကြသည်။ တနည်းအားဖြင့် ၎င်းထုတ်ကုန်များကို ဓာတ်ခွဲခန်းသို့ပေးပို့ပြီး ၎င်းတို့၏ ထူးခြားသော သွင်ပြင်လက္ခဏာများကို သတ်မှတ်ထားသည့်စံချိန်စံညွှန်း သို့မဟုတ် သီးခြားသတ်မှတ်ချက်နှင့် ကွဲပြားခြားချက်များကို ပိုင်းခြားဆုံးဖြတ်ရန်ဖြစ်သည်။ ကုန်ထုတ်လုပ်သူ သို့မဟုတ် ဖြန့်ဖြူးသူများအတွက် နည်းပညာဆိုင်ရာ စွမ်းဆောင်ရည်ပြည့်ဝ ကျွမ်းကျင်သည့် ဓါတ်ခွဲခန်းများကိုသာ ရွေးချယ်ခြင်းဖြင့် ချွတ်ယွင်းချက်ရှိသည့်ထုတ်ကုန်များ ထုတ်လုပ်နေခြင်း သို့မဟုတ် ဖြန့်ဖြူးနေခြင်းကဲ့သို့သော မမျှော်မှန်းနိုင်သော အန္တရာယ်လျော့နည်းသွားပေသည်။

## ပြန်လည်စမ်းသပ်စစ်ဆေးရခြင်းကြောင့် ကုန်ကျစရိတ်ကြီးမားခြင်းကို ရှောင်ရှားခြင်း

ထုတ်ကုန်များ၊ ရုပ်ဝတ္ထုပစ္စည်းများကို ပထမအကြိမ်မှန်မှန်ကန်ကန်စမ်းသပ်စစ်ဆေးခြင်းသည်ပင် ကုန်ကျစရိတ် ကြီးမားပြီး အချိန်များစွာကုန်ဆုံးနိုင်သည်။ ဤသို့မှန်ကန်စွာစမ်းသပ်စစ်ဆေးခြင်းမပြုလုပ်ခဲ့လျှင် အဆိုပါ ထုတ်ကုန်များ၏ သတ်မှတ် ချက်များ သို့မဟုတ် မျှော်မှန်းချက်မပြည့်မှီ ခြင်းတို့ကြောင့် ပြန်လည်စမ်းသပ်စစ်ဆေးခြင်းသည် ကုန်ကျစရိတ်ပိုများပြီး အချိန် ပိုကုန်မည်ဖြစ်သည်။ ထိုအခါကုန်ကျစရိတ်ပိုများမည်သာမကပဲ ထုတ်လုပ်သူ သို့မဟုတ် ဖြန့်ဖြူးသူ၏ ဂုဏ်သိက္ခာကိုလည်း ကျဆင်းနိုင်သည်။ ပြည်သူလူထုအပေါ်အန္တရာယ်ကျရောက်နိုင်သည့် ကိစ္စသို့မဟုတ်  သုံးစွဲ သူများငွေကြေးဆုံးရှုံးရသည့် ကိစ္စများဖြစ်လာပါက မိမိထုတ်ကုန် ညံ့ဖျင်းမှုအတွက် မိမိတွင် တာဝန်ရှိလာနိုင်ပေသည်။ နည်းပညာဆိုင်ရာ စွမ်းဆောင်ရည် ပြည့်ဝကျွမ်းကျင်သည့် ဓာတ်ခွဲခန်းများကိုသာ ရွေးချယ်ခြင်းဖြင့် ပြန်လည်စမ်းသပ်စစ်ဆေးရန် လိုအပ်ချက်များ လျော့နည်း သွားပေမည်။

## သုံးစွဲသူများ၏ယုံကြည်မှုတိုးမြှင့်လာစေခြင်း

မိမိထုတ်ကုန်များကို  အမှီအခိုကင်းပြီး စွမ်းဆောင်ရည်ပြည့်ဝကျွမ်းကျင်သည့်ဓာတ်ခွဲခန်းတွင် သေချာစွာ စမ်းသပ်စစ်ဆေး ထားကြောင်း သုံးစွဲသူများသိရှိပါက အဆိုပါထုတ်ကုန်ပစ္စည်းများအပေါ် ယုံကြည်မှုတိုးလာပေမည်။ အထူးသဖြင့် ထိုဓာတ်ခွဲခန်းသည် တတိယအဖွဲ့အစည်းတစ်ခုက အကဲဖြတ်စစ်ဆေးထားကြောင်း သက်သေပြနိုင်ပါက ၎င်းတို့၏ ယုံကြည်မှုကို ပို၍ခိုင်မာစေသည်။ သုံးစွဲ သူများသည် ဖြန့်ဖြူးသူများ၏ ထုတ်ကုန်များအပေါ်ရည်ရွယ်သည့် အတိုင်းသုံးစွဲရန် သင့်လျော်ကြောင်း လက်ခံခြင်းထက် အမှီအခိုကင်းသော ရလဒ်သက်သေများပေါ်တွင် ပိုမိုမှီခို အားထားလာကြပါသည်။

## ကုန်ကျစားရိတ်လျှော့ချစေခြင်းနှင့် နိုင်ငံခြားတိုင်ပြည်များမှ မိမိ၏ထုတ်ကုန်များကို  ပိုမို လက်ခံလာစေခြင်း

အသိအမှတ်ပြုထားသော ဓာတ်ခွဲခန်းများသည် နည်းပညာဆိုင်ရာ ကျွမ်းကျင်ပြည့်ဝမှုရှိကြောင်းကို အပြည်ပြည်ဆိုင်ရာ သဘောတူညီချက်များ (အောက်တွင်ဖော်ပြထားသော) မှတစ်ဆင့်  ၎င်းတို့၏အချက်အလက် များအား နိုင်ငံရပ်ခြားဈေးကွက် များတွင် ပိုမိုလွယ်ကူစွာလက်ခံခွင့်ပြုစေသော အပြည်ပြည်ဆိုင်ရာ လက်ခံအသိအမှတ်ပြုမှုကို လက်ခံရ ရှိကြပါသည်။ အဆိုပါ လက်ခံအသိအမှတ်ပြုမှုသည် ကုန်ပစ္စည်းထုတ်လုပ်သူများ နှင့် တင်ပို့ရောင်းချသူများအတွက် အသိအမှတ်ပြုထားသော ဓာတ်ခွဲခန်းများတွင် စမ်းသပ်စစ်ဆေးထားသော ၎င်းတို့၏ ထုတ်ကုန်များ သို့မဟုတ် ပစ္စည်းများကို တင်ပို့သည့်နိုင်ငံများမှ ပြန်လည်စမ်းသပ်စစ်ဆေးရန်လိုအပ်ခြင်းကို ဖယ်ရှားနိုင်ခြင်း သို့မဟုတ် လျှော့ချနိုင်ခြင်းဖြင့် ကုန်ကျစရိတ်များကို လျော့ချနိုင်ရန် အကူအညီပေးပါသည်။

ကမ္ဘာ့အနှံ့ ယုံကြည်စိတ်ချ

စမ်းသပ်စစ်ဆေးခြင်း–စံဖြင့်တိုက်ကြည့်စစ်ဆေးခြင်း–အရည်အသွေးစုံစမ်းစစ်ဆေးခြင်း



# ဓာတ်ခွဲခန်းတွင် ISO 9001 အရည်အသွေးထောက်ခံချက်လက်မှတ် ရရှိထားပါက မည်သို့ရှိမည်နည်း။

ဓာတ်ခွဲခန်းများအား ISO 9001 ဟုခေါ်သည့် အပြည်ပြည်ဆိုင်ရာစီမံခန့်ခွဲမှုစနစ်စံချိန်စံညွှန်းနှင့်အညီ စစ်ဆေးနိုင်ခြင်း နှင့် မှန်ကန်ကြောင်း ထောက်ခံချက်ထုတ်ပေးနိုင်ခြင်းဖြစ်သည်။ အဆိုပါစံချိန်စံညွှန်းကို ကုန်ထုတ်လုပ်သည့် သို့မဟုတ် ဝန်ဆောင်မှု ပေးသည့် အဖွဲ့အစည်းများသည် ၎င်းတို့၏ထုတ်ကုန် သို့မဟုတ် ဝန်ဆောင်မှုများအတွက် အရည်အသွေး စီမံခန့်ခွဲသည့်စနစ်ကို အကဲဖြတ်ဆန်းစစ်နိုင်ရန် ကျယ်ပြန့်စွာအသုံးပြုကြသည်။ အဖွဲ့အစည်းတစ်ခု၏ အရည်အသွေးစီမံခန့်ခွဲသည့်စနစ်ကို ISO 9001 နှင့်နှိုင်းယှဉ်၍ အရည်အသွေးထောက်ခံချက် လက်မှတ်ထုတ်ပေးခြင်းဖြင့် အဆိုပါအဖွဲ့အစည်းသည် ISO 9001 စံချိန်စံညွှန်းနှင့် ကိုက်ညီမှုရှိ ခြင်းကိုသာ အတည်ပြုခြင်းကိုဆိုလိုပြီး ဓာတ်ခွဲခန်း၏ နည်းပညာဆိုင်ရာစွမ်းဆောင်ရည် ပြည့်ဝ ကျွမ်းကျင်မှုအပေါ် အကဲဖြတ်ဆန်းစစ်ခြင်း မဟုတ်ပေ။

## ဓာတ်ခွဲခန်းတစ်ခုသည် နည်းပညာဆိုင်ရာစွမ်းဆောင်ရည် ပြည့်ဝကျွမ်းကျင်မှု ရှိကြောင်းကို မည်သို့သေချာစွာ သိရှိနိုင်မည်နည်း။

ကမ္ဘာအနှံ့အပြားတွင် နိုင်ငံများစွာသည် နည်းပညာဆိုင်ရာစွမ်းဆောင်ရည်ပြည့်ဝကျွမ်းကျင်မှုကို ပိုင်းခြားစိစစ်ပေးရန် ဓာတ်ခွဲခန်း အသိအမှတ်ပြုခြင်းဟုခေါ်သော လုပ်ငန်းစဉ်အပေါ်မူတည်လျက်ရှိပါသည်။ အသိအမှတ်ပြုခြင်းသည် နည်းပညာဆိုင်ရာ စွမ်းဆောင်ရည်ပြည့်ဝကျွမ်းကျင်မှုကို ပိုင်းခြားဆုံးဖြတ်ရန်အတွက် သီခြားသတ်မှတ်ထားပြီးသော စံသတ်မှတ်ချက်များ လုပ်ငန်း အစီအစဉ်များကို အသုံးပြုခြင်းဖြစ်သည်။ နည်းပညာဆိုင်ရာကျွမ်းကျင်သော အကဲဖြတ်စစ်ဆေးသူများသည် ဓာတ်ခွဲခန်းတစ်ခုမှ စမ်းသပ်စစ်ဆေးခြင်း သို့မဟုတ် စံဖြင့်တိုက်ကြည့်စစ်ဆေးခြင်း ဆိုင်ရာအချက်အလက်များထုတ်ပေးခြင်းကိုအကျိုးသက်ရောက် စေသည့်အချက်များ အားလုံးပေါ်တွင် စေ့စပ်သေချာသော အကဲဖြတ်ဆန်းစစ်ခြင်းတစ်ခုကို ပြုမူဆောင်ရွက်ခြင်းဖြစ်ပါသည်။ ထိုသို့အကဲဖြတ်ဆန်းစစ်ခြင်းတွင် ချမှတ်ထားသည့် စံသတ်မှတ်ချက်များမှာ  အပြည်ပြည်ဆိုင်ရာ စံချိန်စံညွှန်းများဖြစ်သော ISO/ IEC 17025 သို့မဟုတ် ဆေးပညာဆိုင်ရာဓါတ်ခွဲခန်းများအတွက် ISO 15189 စံချိန်စံညွှန်းများအပေါ်တွင်အခြေခံထားပြီး ကမ္ဘာအနံ့အပြားရှိ ဓာတ်ခွဲခန်းများအား အကဲဖြတ်ဆန်းစစ်ခြင်းအတွက် အသုံးပြုကြသည်။ အသိအမှတ်ပြုအဖွဲ့များသည် ဓာတ်ခွဲခန်းတစ်ခု၏ တိကျမှန်ကန်သည့် စမ်းသပ်စစ်ဆေးခြင်းနှင့် စံဖြင့်တိုက်ကြည့်စစ်ဆေးခြင်းဆိုင်ရာ အချက်အလက်များ ထုတ်ပေးနိုင်စွမ်းရည်နှင့်ဆိုင်သော အချက်များကို အကဲဖြတ်စစ်ဆေးရန်  ဖော်ပြပါအချက်များ အပါအဝင် အဆိုပါစံချိန်စံညွှန်းကို အသုံးပြုကြသည်-

- ဝန်ထမ်းများ၏ နည်းပညာဆိုင်ရာ စွမ်းဆောင်ရည်ပြည့်ဝကျွမ်းကျင်မှု၊
- စမ်းသပ်စစ်ဆေးသည့် နည်းလမ်းများ အကျုံးဝင်မှုနှင့် လိုက်လျောညီထွေရှိမှု၊
- တိုင်းတာခြင်းများနှင့် စံဖြင့်တိုက်ကြည့်စစ်ဆေးခြင်းများကို အမျိုးသားအဆင့်စံချိန်စံညွှန်းများနှင့် ကွင်းဆက်မပြတ်ခြေရာခံတိုက်ဆိုင်စစ်ဆေးခြင်း၊
- စမ်းသပ်စစ်ဆေးသည့်ပစ္စည်းကရိယာများ၏ သင့်တော်ခြင်း၊ စံဖြင့်တိုက်ကြည့်စစ်ဆေးခြင်း၊ ထိန်းသိမ်းထားရှိခြင်း၊
- စမ်းသပ်စစ်ဆေးမှုပြုလုပ်သည့် ပတ်ဝန်းကျင်အနေအထား
- စမ်းသပ်စစ်ဆေးသည့် ပစ္စည်းအမျိုးအမည်များအား နမူနာရယူခြင်း၊ကိုင်တွယ်ခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊
- စမ်းသပ်စစ်ဆေးခြင်းနှင့်စံဖြင့်တိုက်ကြည့်စစ်ဆေးခြင်းမှထွက်ပေါ်လာသည် အချက်အလက်များ၏ အရည်အသွေးအပေါ် အာမခံခြင်း၊

အသိအမှတ်ပြုခြင်းသည်  ISO 9001 ၏ အရည်အသွေးထောက်ခံချက်ထုတ်ပေးခြင်းတွင် ဖော်ပြထားသည့် အရည်အသွေး စနစ်ဆိုင်ရာအခြေခံအချက်များကိုလည်းလွှမ်းခြုံပါသည်။  အရည်အသွေးကိုက်ညီမှုရှိကြောင်း သေချာစေရန် အသိအမှတ်ပြု ခံထားရသည့်  ဓာတ်ခွဲခန်းများကို ၎င်းတို့၏ နည်းပညာစွမ်းဆောင်ရည် ပြည့်ဝကျွမ်းကျင်မှုအား စံချိန်စံညွှန်းများအတိုင်း ဆက်လက် ထိန်းသိမ်းထားနိုင်မှုကို စိစစ်နိုင်ရန် ပုံမှန်ပြန်လည်စစ်ဆေးကြသည်။ အဆိုပါဓာတ်ခွဲခန်းများသည် ၎င်းတို့၏ စွမ်းဆောင်ရည်ပြည့်ဝကျွမ်းကျင်မှု ရှိနေကြောင်းကို ပြသသည့်အနေဖြင့်  အရည်အသွေးကျွမ်းကျင်မှုစစ်ဆေးခြင်းဆိုင်ရာ အစီအစဉ်များတွင် ပုံမှန်ပါဝင်နိုင်ရန်လိုအပ်ပါသည်။



ထို့ကြောင့် အသိအမှတ်ပြုခြင်းသည် စမ်းသပ်စစ်ဆေးခြင်း၊ တိုင်းတာခြင်းနှင့် စံဖြင့်တိုက်ကြည့်စစ်ဆေးခြင်းဆိုင်ရာ သီးခြား သတ်မှတ်အမျိုးအစားများကို လုပ်ဆောင်ရန်အတွက် ဓာတ်ခွဲခန်းများ၏ စွမ်းဆောင်ရည်ပြည့်ဝကျွမ်းကျင်မှု ကို အကဲဖြတ် ဆန်းစစ်ခြင်းအနေဖြင့် အထောက်အပံ့ပေးပါသည်။ အသိအမှတ်ပြုခြင်းသည် ဓာတ်ခွဲခန်းတစ်ခု၏ လုပ်ငန်းဆောင်ရွက်နေမှု များကို မှန်ကန်စွာနှင့်သင့်လျော်သည့် စံချိန်စံညွှန်းများနှင့်အညီ ဆောင်ရွက်နေခြင်း ရှိမရှိ ပိုင်းခြားဆုံးဖြတ်နိုင်ရန်အတွက် ခွင့်ပြုသည်။ ကုန်ထုတ်လုပ်ငန်းအဖွဲ့အစည်းများကလည်း ၎င်းတို့၏ထုတ်ကုန် များကို ကိုယ်ပိုင်ဓါတ်ခွဲများမှ မှန်ကန်စွာ ပြုလုပ်ထားကြောင်းကို စမ်းသပ်စစ်ဆေးမှု သေချာစေနိုင်ရန်အတွက် ဓာတ်ခွဲခန်းအသိအမှတ်ပြုခြင်းကို အသုံးပြုလာကြသည်။

သဘာဝပတ်ဝန်းကျင်၊ ဆေးရုံဆေးခန်း၊ ဓါတုဗေဒ၊ ဆောက်လုပ်ရေး၊ မှုခင်းဆေးပညာ၊ လျှပ်စစ် နှင့် စားသောက်ကုန်ကဏ္ဍ ဆိုင်ရာ စက်မှုလုပ်ငန်းများတွင် စမ်းသပ်စစ်ဆေးခြင်း သို့မဟုတ် စံဖြင့်တိုက်ကြည့်စစ်ဆေးခြင်း ဝန်ဆောင်မှုများအတွက် ဖြန့်ဖြူးသူများသည် ဓာတ်ခွဲခန်းအသိအမှတ်ပြုခြင်းကို ရရှိရန် သတ်မှတ် လုပ်ဆောင်လေ့ရှိကြသည်။
အသိအမှတ်ပြုခြင်းသည ဓာတ်ခွဲခန်းများ၏ စွမ်းဆောင်ရည်ပြည့်ဝကျွမ်းကျင်မှုကို တရားဝင် လက်ခံအသိအမှတ်ပြုမှုကို အထောက်အပံ့ဖြစ်စေပြီး သုံးစွဲသူများအတွက် ၎င်းတို့လိုအပ်ချက်များနှင့် ကိုက်ညီသည့် ယုံကြည်စိတ်ချရသော စမ်းသပ်စစ်ဆေးခြင်းနှင့် စံဖြင့်တိုက်ကြည့်စစ်ဆေးခြင်း ဝန်ဆောင်မှုများကို လွယ်လင့်တကူ ရှာဖွေနိုင်ရန် ထောက်ပံ့ပေးနိုင်ပါသည်။

## လက်ခံထားသည့် ဓာတ်ခွဲခန်းတစ်ခုဖြစ်ကြောင်းကို မည်သို့ပြောနိုင်သနည်း။

အသိအမှတ်ပြုခံထားရသည့်ဓာတ်ခွဲခန်းများသည် ၎င်းတို့အသိအမှတ်ပြုခံထားရကြောင်းပြသသည့် သင်္ကေတ အမျိုးအစား သို့မဟုတ် မှန်ကန်ကြောင်းအတည်ပြုချက်ပါသည့် စမ်းသပ်စစ်ဆေးခြင်းနှင့် စံဖြင့်တိုက်ကြည့်စစ်ဆေးခြင်း ဆိုင်ရာ အစီရင်ခံစာ များကို ထုတ်ပေးကြပါသည်။ အသုံးပြုသူများမှလည်း ၎င်းတို့အသုံးပြုမည့် ဓာတ်ခွဲခန်းသည် မည်သို့သောစမ်းသပ်စစ်ဆေးမှုများ သို့မဟုတ် တိုင်းတာမှုများအတွက် အသိအမှတ်ပြုခံထားရခြင်း ဖြစ်ကြောင်းနှင့် တိုင်းတာနိုင်သည့်အကွာအဝေး သို့မဟုတ် မသေချာမရေရာမှုတန်ဖိုး မည်မျှရှိ နိုင်ကြောင်းကိုလည်း စစ်ဆေးထားသင့်သည်။ အဆိုပါအချက်များကို ဓာတ်ခွဲခန်း၏ တောင်းခံချက်အပေါ်မူတည်၍ ပံ့ပိုးပေးနိုင်သည့် ၎င်းတို့၏ အသိအမှတ်ပြုခြင်းဆိုင်ရာနယ်ပယ်ကို သီးခြားသတ်မှတ် ဖော်ပြထား ပါသည်။

နိုင်ငံအများအပြားရှိ အသိအမှတ်ပြုအဖွဲ့များသည် ၎င်းတို့အသိအမှတ်ပြုထားသော ဓာတ်ခွဲခန်းများဆိုင်ရာ စာရင်း သို့မဟုတ် လမ်းညွှန်ချက်များ ထုတ်ပြန်လေ့ရှိ ပြီး ယင်းတွင် ဓာတ်ခွဲခန်းများ၏ ဆက်သွယ်ရန်လိပ်စာအပြည့်အစုံနှင့် စမ်းသပ်စစ်ဆေး ပေးနိုင်သည့် သတင်းအချက်အလက်များကိုပါ ထည့်သွင်းဖေါ်ပြကြသည်။ အကယ်၍ လိုအပ်ပါက မိမိပြုလုပ်လိုသည့် စမ်းသပ်စစ်ဆေးခြင်းများ သို့မဟုတ် စံဖြင့်တိုက်ကြည့်စစ်ဆေးခြင်းများ ပြုလုပ်ပေးနိုင်သည့် အသိအမှတ်ပြုခံထားရသောဓာတ်ခွဲခန်းများ ရှိ/မရှိ ကို အသိအမှတ်ပြုအဖွဲ့ထံ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

မိမိနိုင်ငံရှိ တစ်ဖွဲ့သို့မဟုတ် တစ်ဖွဲ့ထက်ပိုသော ဓာတ်ခွဲခန်းအသိအမှတ်ပြုအဖွဲ့များကို ILAC ဝဘ်ဆိုဒ် www.ilac.org တွင် ကြည့်ရှုနိုင်သည်။

# နိုင်ငံရပ်ခြား ဓာတ်ခွဲခန်းများ၏ အချက်အလက်များနှင့်ပတ်သက်၍ မည်သို့ဆောင်ရွက်သနည်း။

ကမ္ဘာအနှံ့အပြားရှိ နိုင်ငံများစွာတွင် ၎င်းတို့၏ အမျိုးသားအဆင့်ဓာတ်ခွဲခန်းများကို အသိအမှတ်ပြုခြင်းအတွက် တာဝန်ရှိသည့် အဖွဲ့အစည်းများ တစ်ဖွဲ့သို့မဟုတ် တစ်ဖွဲ့ထက် ပို၍ရှိကြသည်။ အဆိုပါအသိအမှတ်ပြုအဖွဲ့များသည် ၎င်းတို့နိုင်ငံ၏ စမ်းသပ် စစ်ဆေးခြင်းနှင့် စံဖြင့်တိုက်ကြည့်စစ်ဆေးခြင်းဆိုင်ရာဓာတ်ခွဲခန်းများ အသိအမှတ်ပြုခြင်း အတွက် အခြေခံအနေဖြင့် ISO/IEC 17025 စံချိန်စံညွှန်း (သို့မဟုတ်) ဆေးပညာဆိုင်ရာဓါတ်ခွဲခန်းများ အသိအမှတ်ပြုခြင်းအတွက် ISO/IEC 15189 စံချိန်စံညွှန်း (သီးခြားလက်ကမ်းစာစောင်ကို ရည်ညွှန်းသည်) ကို တိုက်ရိုက်လက်ခံကျင့်သုံးကြပါသည်။ ထိုသို့ဆောင်ရွက်ခြင်းသည် နိုင်ငံများကို တူညီသောလမ်းကြောင်းတစ်ခုပေါ်တွင် ဓာတ်ခွဲခန်းများ၏ စွမ်းဆောင်ရည် ပြည့်ဝကျွမ်းကျင်မှုကို ပိုင်းခြားဆုံးဖြတ်နိုင်ရန် အကူအညီပေးပါသည်။ ၎င်းသည် ဓာတ်ခွဲခန်းများကို အပြည်ပြည်ဆိုင်ရာမှလက်ခံထားသည့် စမ်းသပ် စစ်ဆေးခြင်းနှင့်တိုင်းတာခြင်းဆိုင်ရာ အလေ့အကျင့်များကို ဖြစ်နိုင်ပါက တိုက်ရိုက်ကျင့်သုံးရန် အားပေးပါသည်။

ဤကဲ့သို့ တူညီသောလမ်းကြောင်းတစ်ခုပေါ်တွင် သတ်မှတ်ဆောင်ရွက်သည့်စနစ်ကို ကျင့်သုံးခြင်းအားဖြင့် ဓာတ်ခွဲခန်းအချင်းချင်း ဓာတ်ခွဲခန်းအသိအမှတ်ပြုခြင်းစနစ်များကို အပြန်အလှန်လက်ခံခြင်းနှင့် အပြန်အလှန်အကဲဖြတ် ဆန်းစစ်ခြင်းပေါ်တွင် အခြေခံ၍ တစ်နိုင်ငံနှင့်တစ်နိုင်ငံအကြားရှိသဘောတူညီချက်များကို ထူထောင်ရန် ခွင့်ပြုလာကြသည်။ နှစ်ဦးနှစ်ဖက်အပြန်အလှန်အသိအမှတ်ပြုသည့်အစီအစဉ်များ -MRAs ဟုခေါ်ဝေါ်သုံးစွဲသည့် အပြည်ပြည်ဆိုင်ရာ သဘောတူညီချက်များသည် စမ်းသပ်စစ်ဆေးခြင်း၊ စံဖြင့်တိုက်ကြည့်စစ်ဆေးခြင်းတို့ မှရရှိသော ရလဒ်အဖြေများကို ၎င်းတို့နိုင်ငံအချင်းချင်းကြား လက်ခံနိုင်ရေးအတွက် လွန်စွာအရေးပါလှပါသည်။ အမှန်တကယ်အားဖြင့် MRA မှ လက်ခံအသိအမှတ်ပြုထားသည့် အခြားမိတ်ဖက်အဖွဲ့၏ အသိအမှတ်ပြုထားသော ဓာတ်ခွဲခန်းများမှ ၎င်းတို့ကိုယ်တိုင် အသိအမှတ်ပြုပေးထားသည့် ဓါတ်ခွဲခန်းများသကဲ့သို့ အချင်းချင်း လက်ခံဆောင်ရွက်ကြပါသည်။

ဓာတ်ခွဲခန်းအသိအမှတ်ပြုအဖွဲ့ ၉၀ကျော်မှ လက်မှတ်ရေးထိုးထားသည့် အပြည်ပြည်ဆိုင်ရာဓာတ်ခွဲခန်း အသိအမှတ်ပြုပူးပေါင်း ဆောင်ရွက်ရေးအဖွဲ့ (ILAC) အစီအစဉ်ဖြစ်သော နိုင်ငံပေါင်းစုံအပြန်အလှန် လက်ခံအသိအမှတ်ပြု သဘောတူညီချက်သည် လက်မှတ်ရေးထိုးသည့်နိုင်ငံများ၏ အချက်အလက်များအား နယ်နမိတ်ဖြတ်ကျော် လက်ခံနိုင်မှုကို တိုးမြှင့်ပေးပါသည်။ ILAC အစီအစဉ်၏ အချက်အလက်အပြည့်အစုံနှင့် လက်မှတ်ရေးထိုးထားသည့်အဖွဲ့ဝင်များ စာရင်းကို ၎င်း၏ website **www.ilac.org** တွင် ကြည့်ရှုနိုင်ပါသည်။

အသိအမှတ်ပြုအဖွဲ့များအကြား အဆိုပါအပြည်ပြည်ဆိုင်ရာ MRA စနစ်သည် အသိအမှတ်ပြုခံထားရ သောဓာတ်ခွဲခန်းများကို အပြည်ပြည်ဆိုင်ရာ လက်ခံအသိအမှတ်ပြုမှုကို ရရှိစေနိုင်ပြီး ပြည်ပသို့တင်ပို့သည့် ကုန်ပစ္စည်း များနှင့်သက်ဆိုင်သော အချက်အလက်များကိုလည်း ပြည်ပဈေးကွက်များက ပိုမိုလွယ်ကူစွာလက်ခံနိုင်စေပါသည်။ အဆိုပါ အကျိုးသက်ရောက်မှုသည် တခြားနိုင်ငံတွင် ကုန်ပစ္စည်းများကို ထပ်မံစမ်းသပ်စစ်ဆေးရန် လိုအပ်ချက်များကို လျှော့ချခြင်း သို့မဟုတ် ဖယ်ရှားခြင်းတို့ ပြုလုပ်နိုင်သောကြောင့် ထုတ်လုပ်သူနှင့် တင်သွင်းသူ နှစ်ဦးစလုံးအတွက် ကုန်ကျစရိတ်ကို လျှော့ချနိုင်စေပါသည်။

အသိအမှတ်ပြုစနစ်လုပ်ဆောင်နိုင်ခြင်းမရှိသေးသော နိုင်ငံများသည် အသိအမှတ်ပြုစနစ်ထူထောင်ပြီးနောက် ၎င်းတို့၏ ဓာတ်ခွဲခန်းများကို အသိအမှတ်ပြုဓာတ်ခွဲခန်းများဖြစ်လာစေရန် ကြိုးပမ်းနိုင်ခြင်းဖြင့် ၎င်းတို့ စမ်းသပ်စစ်ဆေး ထားသည့် အချက်အလက်များနှင့် ကုန်ပစ္စည်းများကို ပြည်ပဈေးကွက်များတွင် လက်ခံလာစေနိုင်မည်ဖြစ်ပါသည်။ အဆိုပါနိုင်ငံများသည် အသိအမှတ်ပြုစနစ်ထူထောင်ထားပြီးသော အခြားနိုင်ငံများ၏ ဖွဲ့စည်းတည်ဆောက်ပုံနှင့် အတွေ့အကြုံများကို အခြေခံ၍ ၎င်းတို့၏ကိုယ်ပိုင်အသိအမှတ်ပြုစနစ်များ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ကြိုးပမ်းအား ထုတ်နိုင်သည်။

ကမ္ဘာ့အနှံ့ ယုံကြည်စိတ်ချ

စမ်းသပ်စစ်ဆေးခြင်း–စံဖြင့်တိုက်ကြည့်စစ်ဆေးခြင်း– အရည်အသွေးစုံစမ်းစစ်ဆေးခြင်း



# ILAC နှင့်ပါတ်သက်သည့်သိကောင်းစရာသတင်းအချက်အလက်များ

ILAC ဟုခေါ်သော အပြည်ပြည်ဆိုင်ရာ ဓာတ်ခွဲခန်းအသိအမှတ်ပြု ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့သည် အသိအမှတ်ပြုအဖွဲ့ (ABs)များအကြား ILAC Arrangement ခေါ်၊ ကမ္ဘာ့အနံ့အပြန်အလှန်လက်ခံအသိအမှတ်ပြုမှု အစီအစဉ် ဆောင်ရွက်ပေးခြင်းဖြင့် ကုန်သွယ်မှုလွယ်ကူချောမွေ့စေပြီး၊ ဥပဒေပြုမှုလုပ်ဆောင်သူများအား ကူညီပံ့ပိုးပေးပါသည်။ ဤသို့လုပ်ဆောင်ပေးရသည့်အကြောင်းရင်းမှာ ILAC အဖွဲ့ဝင်များက အသိအမှတ်ပြုထားသော ဓါတ်ခွဲခန်းများနှင့် အရည်အသွေးစုံစမ်းစစ်ဆေးရေးအဖွဲ့များ စသည့် အရည်အသွေးကိုက်ညီမှုစစ်ဆေးရေးအဖွဲ့များက ထုတ်ပေးသည့် အချက်အလက်များနှင့် စမ်းသပ်စစ်ဆေးခြင်း ရလဒ်များကို တကမ္ဘာလုံး လက်ခံရန်အတွက်ဖြစ်ပါသည်။ ယခုကဲ့သို့ လက်ခံခြင်းဖြင့် ပြည်ပနိုင်ငံအသစ်တစ်ခုသို့ အဆိုပါစစ်ဆေးထားသည့် ထုတ်ကုန်ပစ္စည်းများရောက်ရှိရာတွင် ပြန်လည်စမ်းသပ်စစ်ဆေးရသည့် အချိန်ကိုလျှော့ချနိုင်ခြင်းဖြင့် နည်းပညာဆိုင်ရာကုန်သွယ်မှုအတားအဆီးများကို လျှော့ချနိုင်ပြီး၊ "အသိအမှတ်ပြုလွှာတစ်ကြိမ်ရ၊ နေရာတိုင်းတွင်လက်ခံကြ" ဆိုသည့် လွတ်လပ်စွာ ကုန်သွယ်မှု၏ ဦးတည်ချက်ကို အကောင်အထည်ဖေါ်နိုင်ရန် အထောက်အကူဖြစ်စေပါသည်။

ထိုမျှမက အသိအမှတ်ပြုခြင်းသည် အသိအမှတ်ပြုခံထားရသည့်အရည်အသွေးကိုက်ညီမှု စစ်ဆေးရေးအဖွဲ့များ-CABs များမှ ၎င်းတို့ အသိအမှတ်ပြုခံထားရသည့်နယ်ပယ်အတွင်း စွမ်းဆောင်ရည်ကျွမ်းကျင်ပြည့်ဝစွာဆောင်ရွက်နိုင်ကြောင်း သေချာစေခြင်းဖြင့် စီးပွားရေး လုပ်ငန်းများနှင့် သုံးစွဲသူများအတွက် မမျှော်မှန်းနိုင်သည့် ဘေးအန္တရာယ်ကို လျှော့ချ ပေးပါသည်။

ထို့အပြင် ဥပဒေပြုမှုလုပ်ဆောင်သူများသည် ညစ်ညမ်းမှုကင်းသည့် သဘာဝပါတ်ဝန်းကျင်၊ ဘေးအန္တရာယ်ကင်းရှင်းသော အစားအစာ၊ သန့်ရှင်းသောရေ၊ စွမ်းအင်၊ ကျန်းမာရေးနှင့် လူမှုရေးစောင့်ရှောက်မှုဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများ မြှင့်တင်နိုင်ရေး အစရှိ သည့် အများပြည်သူအကျိုးပြုဝန်ဆောင်မှု လုပ်ငန်းများလုပ်ဆောင်နိုင်ရန်အတွက် အသိအမှတ်ပြုပေးထားသည့်ရလဒ်များကို ပိုမိုကျယ်ပြန့်စွာ အသုံးပြုနေကြပါသည်။

အပြည်ပြည်ဆိုင်ရာ ဓါတ်ခွဲခန်း အသိအမှတ်ပြုပူးပေါင်းဆောင်ရွက်ရေးအဖွဲ့-(ILAC) အဖွဲ့ဝင်ထားသည့် အသိအမှတ်ပြုအဖွဲ့များနှင့် ၎င်းတို့အသိအမှတ်ပြုထားသော အရည်အသွေးကိုက်ညီမှုစစ်ဆေးရေးအဖွဲ့များသည် သက်ဆိုင်ရာ အပြည်ပြည်ဆိုင်ရာ စံချိန်စံညွှန်းများနှင့် အဆိုပါစံချိန်စံညွှန်းများကို တသမတ်တည်းဖြစ်စေရန်အတွက် ILAC တွင်ဖော်ပြထားသော လျှောက်ထားခြင်းဆိုင်ရာ အချက်အလက်များနှင့်အညီ လုပ်ဆောင်ရန်လိုအပ်ပါသည်။

ILAC သည် ဓာတ်ခွဲခန်းများ၊ အရည်အသွေးစုံစမ်းစစ်ဆေးရေးအဖွဲ့များ၊ ဓာတ်ခွဲခန်း ကျွမ်းကျင်မှုစစ်ဆေးခြင်းဆိုင်ရာ ထောက်ပံ့သူများနှင့် အညွှန်းပစ္စည်းထုတ်လုပ်သူများအား အသိအမှတ်ပြုခြင်းအတွက် ကမ္ဘာအနံ့အပြားရှိ သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် အဖွဲ့ဝင်ထားသော အသိအမှတ်ပြုအဖွဲ့များပါဝင်သည့် တကမ္ဘာလုံးဆိုင်ရာအသင်းအဖွဲ့ဖြစ်သည်။

ILACသည် အောက်ပါလုပ်ငန်းများကို ဆောင်ရွက်နေသော ကိုယ်စားပြုအဖွဲ့ဖြစ်ပါသည်-

- အသိအမှတ်ပြုခြင်း အလေ့အကျင့်များနှင့် လုပ်ငန်းစဉ်များ ဖွံ့ဖြိုးတိုးတက်မှု၊
- အသိအမှတ်ပြုခြင်းသည် ကုန်သွယ်မှု လွယ်ကူချောမွေ့စေခြင်းကို တိုးမြှင့်ပေးခြင်း၊
- ပြည်တွင်းနှင့် အမျိုးသားအဆင့် ဝန်ဆောင်မှုများဆိုင်ရာ ပြဌာန်းချက်များကို ထောက်ပံ့ပေးခြင်း၊
- အသိအမှတ်ပြုခြင်းစနစ်များ ဖွံ့ဖြိုးလာစေရန် ထောက်ပံ့ခြင်း၊
- ကမ္ဘာတဝှမ်းရှိ စွမ်းဆောင်ရည်ပြည့်ဝကျွမ်းကျင်သော စမ်းသပ်စစ်ဆေးခြင်း (ဆေးပညာဆိုင်ရာအပါအဝင်)နှင့် စံဖြင့်တိုက်ကြည့်စစ်ဆေးပေးသည့်ဓာတ်ခွဲခန်းများ၊ အရည်အသွေးစုံစမ်းစစ်ဆေးရေးအဖွဲ့များ၊ ဓာတ်ခွဲခန်း ကျွမ်းကျင်မှု စစ်ဆေးခြင်းဆိုင်ရာ ထောက်ပံ့သူများနှင့် အညွှန်းပစ္စည်းထုတ်လုပ်သူများအား လက်ခံအသိအမှတ်ပြုခြင်း တို့ဖြစ်သည်။

ဤရည်ရွယ်ချက်များကိုအကောင်အထည်ဖေါ်ရာတွင် ILAC သည် အခြားသက်ဆိုင်ရာအပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့်အတူ တက်ကြွစွာပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

အသိအမှတ်ပြုအဖွဲ့များသည် ILAC အစီအစဉ်တွင် လက်မှတ်ရေးထိုးခြင်းမပြုမီ ILAC စည်းမျဉ်းစည်းကမ်းနှင့် လုပ်ငန်းစဉ်များကို အသုံးပြု၍ တရားဝင်ဖွဲ့စည်းပြီးလက်ခံအသိအမှတ်ပြုထားသော ဒေသတွင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့များမှတဆင့် ရည်တူအကဲဖြတ်ဆန်းစစ်ခြင်းပေါ်တွင်မူတည်၍ ILAC အစီအစဉ်တွင် လက်မှတ်ရေး ထိုးနိုင်ခွင့်ရရှိကြပါသည်။

ကမ္ဘာ့အနှံ့ယုံကြည်စိတ်ချ
စမ်းသပ်စစ်ဆေးခြင်း–စံဖြင့်တိုက်ကြည့်စစ်ဆေးခြင်း–
အရည်အသွေးစုံစမ်းစစ်ဆေးခြင်း

ILAC website တွင် အသိအမှတ်ပြုခြင်း၊ အရည်အသွေးကိုက်ညီမှုစစ်ဆေးခြင်း၊ ကုန်သွယ်မှုလွယ်ကူချောမွေ့စေခြင်း အကြောင်းအရာများဆိုင်ရာ သတင်းအချက်အလက်များနှင့် အဖွဲ့ဝင်များ၏ဆက်သွယ်ရန် လိပ်စာများကိုလည်း ဖော်ပြထားပါသည်။ ထို့ပြင် ဥပဒေပြုမူလုပ်ဆောင်သူများနှင့် အစိုးရကဏ္ဍအတွက် အသိအမှတ်ပြုခံထားရသည့်အရည်အသွေးကိုက်ညီမှုစစ်ဆေးခြင်း၏တန်ဖိုးရှိမှုအား လေ့လာတွေ့ရှိချက်များနှင့် လွတ်လပ်သောသုတေသနပြုခြင်းများဖြင့်ဖော်ပြထားခြင်းကို **www.publicsectorassurance.org** တွင် ရှာဖွေတွေ့ရှိနိုင်ပါသည်။

သတင်းအချက်အလက်များပိုမိုသိရှိလိုပါကဆက်သွယ်ရန်

**The ILAC Secretariat**
စာတိုက်သေတ္တာအမှတ် ၇၅၀၇
Silverwater
NSW ၂၁၂၈
ဩစတေးလျ

ဖုန်း: +၆၁ ၂ ၉၇၃၆ ၈၃၇၄
အီးမေးလ်:ilac@nata.com.au
ဝဘ်ဆိုဒ်: www.ilac.org

@ILAC_Official

https://www.youtube.com/user/IAFandILAC

© မူပိုင် ILAC ၂၀၁၅

ပညာရေးအတွက်ဖြစ်စေ၊ စံချိန်စံညွှန်းသတ်မှတ်ခြင်းအတွက်ဖြစ်စေ၊ အသိအမှတ်ပြုလုပ်ငန်းများအတွက်ဖြစ်စေ (သို့မဟုတ်) ILAC၏ ကျွမ်းကျင်မှုကဏ္ဍ၊ လုပ်ငန်းဆောင်ရွက်မှုကဏ္ဍများနှင့် ဆက်နွယ်နေသည့်ကိစ္စများအတွက်ဖြစ်စေ ILAC မှ ထုတ်ပြန်ထားသည့် စာရွက်စာတန်းများမှ စာသားအားလုံးကိုသော်လည်းကောင်း၊ တစ်စိပ်တစ်ပိုင်းကိုသော်လည်းကောင်း ခွင့်ပြုချက်ရယူပြီး ဆင့်ပွားကူးယူအသုံးပြုခြင်းကို ILAC အနေ နှင့် အားပေးသည်။ ဤသို့ဆင့်ပွားကူးယူထားသည့် စာရွက်စာတန်းများပေါ်တွင် ILAC ၏ ပံ့ပိုးမှုကို အသိအမှတ်ပြုကြောင်း ရေးသားဖော်ပြထားရမည်။

ကမ္ဘာ့အနှံ့ ယုံကြည်စိတ်ချ
စမ်းသပ်စစ်ဆေးခြင်း–စံဖြင့်တိုက်ကြည့်စစ်ဆေးခြင်း–အရည်အသွေးစုံစမ်းစစ်ဆေးခြင်း

Translated from ILAC B1:10/2015